# ငရဲပြည် တောင်ကုန်း



၁၉၆၂ မှာ Centralia ( Pennsylvania ) မှာ မီးလောင်မှုဖြစ်ပွား ပြီး အဲဒီမီးဟာ မြို့ အောက်ခြေမှာ ရှိတဲ့ ကျောက်မီးသွေးကြောကို ကူးစက်သွားခဲ့ပါတယ် ။ မျက်နှာပြင်ပေါ် ကို ထွက်ပေါ် လာတဲ့ မီးတောက်မီးညွန့်တွေဟာ အရှိန်ပြင်းလှ ပြီး ကျောက်မီးသွေးတွေကတော့ နှစ်ပေါင်းများစွာ တိုင်အောင် ဆက်လက်လောင်ကျွမ်းနေဆဲ ဖြစ်ပါတယ် ။ ၁၉၈၄ ခုနှစ်မှာ ထိမ်းချုပ်လို့မရတော့လောက်အောင် မီးလောင်မှုက ပြင်းထန်လာပြီး မြို့မှလူတွေဟာ ဘေးကင်းရာအရပ်ကိုပြောင်းရွှေ့ပြီး မြို့ကို စွန့်ခွာခဲ့ရပါတယ် ။

ယခုအချိန်မှာတော့ Centralia ဟာ လူသူတိတ်ဆိတ်ကင်းမဲ့ပြီး ဂိဃာဉ်ဆန်ဆန်နေရာ တစ်ခုဖြစ်ခဲ့ပါတယ် ။ မြို့ရဲ့ ဟိုးအောက်ခြေအတွင်းပိုင်းထိ မီးကဆက်လက်လောင်ကျွမ်းနေပြီး ဒီကျောက်မီးသွေး ကြောကြီးဟာ နောင်နှစ်ပေါင်း ၂၅၀ ထိဆက်လက်လောင်ကျွမ်းလောက်အောင် များပြားလှပါတယ် ။

စာရေးသူ....သက်တန့်ချို .... ( ၁၁း၀၀ ည ၈.၉.၀၉ )